# (၆၃) ကြိမ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်

# စာတမ်းဖတ်ပြိုင်ပွဲ

## အာဇာနည် ခေါင်းဆောင်ကြီးများ မျှော်မှန်းထားခဲ့သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်

ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားတိုင်းအား နိုးဆော်အပ်ပါသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉)ရက်တွင် အာဏာရူး မသမာသူတို့၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရသော လွတ်လပ်ရေး တိုက်ပွဲဝင် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မြန်မာ့လွတ်လပ်ရေး သမိုင်းကြောင်းမှာ နောင်လာနောက်သား မျိုးဆက်သစ်လူငယ်တိုင်းအား အတုယူစရာ သမိုင်းအမွေအနှစ်ကောင်းများ ပေးအပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံသားတိုင်း သူ့ကျွန်မခံလိုစိတ်၊ မတရား ဖိနှိပ်ချုပ်ချယ်ခြင်းမှ လွတ်မြောက်လိုစိတ်၊ မိမိတို့ကိုယ်ပိုင် လူ့အခွင့်အရေးများ အပြည့်အဝ ရယူပိုင်ဆိုင်လိုစိတ်များ အစဉ်အမြဲ ရှိလျက် နေခဲ့ပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံသားချင်းအတူတူ ပြည်သူတို့အား ကျွန်သဘောက်သဖွယ် ဆက်ဆံ၍ မတရားဖိနှိပ်ကာ ပြည်သူတို့၏ လူ့အခွင့်အရေးများကို ဆိုးဆိုးဝါးဝါး ချိုးဖောက် အုပ်စိုးလိုသော အမျိုး-ဘာသာ-သာသနာဖျက် အာဏာရှင်မှန်သမျှအား ပြည်သူတို့က တရားသောနည်းလမ်းများဖြင့် ဆန့်ကျင် တော်လှန်နေကြသည်မှာ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ အသက်စွန့်ကာ ပေးအပ်ခဲ့သော သမိုင်း အမွေအနှစ်ကောင်းများကြောင့် ဖြစ်ပါသည်။

လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်း ခေတ်အဆက်ဆက်တွင် မြန်မာနိုင်ငံသားတို့က ဤသမိုင်းအမွေအနှစ်ကောင်းကို အမျိုးသားရေး တာဝန်ကြီးတရပ်အဖြစ် တာဝန်ကျေစွာ ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြပြီး ယနေ့ ကျနော်တို့ခေတ်၌လည်း အစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းရပါမည်။ သို့မှသာ ကျနော်တို့သည် တာဝန်ကျေပွန်သော မြန်မာနိုင်ငံသားများအဖြစ် ဂုဏ်ယူနိုင်ကြပါမည်။

ထို့အပြင် ယနေ့ အာဏာရှင် စစ်ဖိနှပ်အောက်မှ မြန်မာနိုင်ငံသားများ လွတ်မြောက်ရေးအတွက် ကြိုးပမ်း လှုပ်ရှားနေသော မြန်မာ့ဒီမိုကရေစီအရေးတွင်လည်း ပြည်သူလူထု၏ နိုင်ငံရေး နိုးကြားမှု အရှိန်အဟုန်ကို ဆက်လက်မြှင့်တင်ပေးရန်နှင့် စစ်အာဏာရှင်တို့က မြန်မာ့သမိုင်းအစစ်အမှန်ကို မှေးမှိန်တိမ်ကော ပပျောက်အောင် ယုတ်မာစွာ ကြံစည်ပြုမူနေခြင်းများကို ဖယ်ရှားရန် မရှိမဖြစ် လိုအပ်နေပါသည်။

ဤသို့သော ရည်ရွယ်ချက်များအရ (၆၃) ကြိမ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အခမ်းအနားအဖြစ် **ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ မျှော်မှန်းထားခဲ့သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ပတ်သက်၍ အသက် ၃၅ နှစ်အောက် ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ စာတမ်းဖတ်ပြိုင်ပွဲ**ကို ဂျပန်နိုင်ငံရှိ မြန်မာ့ဒီမိုကရေစီ အသိုင်းအဝိုင်းမှ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (ဂျေအေစီ) (JAC - Joint Action Committee- Japan) မှ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားတိုင်းအား ပါဝင်တက်ရောက် အားပေးကြပါရန် နိုးဆော်အပ်ပါသည်။

| |
|---|
| နေ့ရက် - ၁၈-၇-၂၀၁၀ (တနင်္ဂနွေနေ့) |
| အချိန် - ညနေ ၅ နာရီမှ ည ၉ နာရီထိ |
| နေရာ - Minami Otsuka Hall, Tokyo, Japan |

စာတမ်းဖတ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများအား ငွေသားဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်လျက် မှတ်တမ်းတင် ဂုဏ်ပြုပါမည်။ အကောင်းဆုံး ပါဝင် ယှဉ်ပြိုင်သူအား ပထမဆု ဂျပန်ယန်းငွေ - ၃၀၀၀၀ (သုံးသောင်း) ချီးမြှင့်ဂုဏ်ပြုပါမည်။ ထို့ပြင် ပါဝင်ယှဉ်ပြိုင်နိုင်သည့် အရည်အချင်းအလိုက် ဒုတိယဆု ဂျပန်ယန်းငွေ - ၂၀၀၀၀ (နှစ်သောင်း) နှင့် တတိယဆု ဂျပန်ယန်းငွေ - ၁၀၀၀၀ (တသောင်း) ကိုလည်း ချီးမြှင့်ဂုဏ်ပြုပါမည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် အောက်ဖော်ပြပါ အချက်အလက်များနှင့် ကိုက်ညီရန် လိုအပ်ပါမည်။

1. မြန်မာနိုင်ငံသား
2. အသက် (၃၅)နှစ်အောက်
3. မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်စေခြင်း မရှိသော ဝတ်စားဆင်ယဉ်မှု
4. ဆွဲဆောင်နိုင်သော ဟောပြောမှု
5. စာတမ်းပါ အကြောင်းအရာကို ထိမိအောင် တင်ပြနိုင်သည့် ဗဟုသုတ
6. မြန်မာ့နိုင်ငံရေးနှင့် ပတ်သက်သည့် ဗဟုသုတ

<u>စာတမ်းခေါင်းစဉ်</u> - အာဇာနည် ခေါင်းဆောင်ကြီးများ မျှော်မှန်းထားခဲ့သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်

စာတမ်းဖတ်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူများသည် မလေးလေး - ဖုံးနံပါတ် 090-9828-2240 သို့ (၁၃-၇-၂၀၁၀ အင်္ဂါနေ့) နောက်ဆုံးထား၍ ကိုယ်တိုင် ဆက်သွယ်ကာ စာရင်းပေးသွင်းနိုင်ပါသည်။

## တိုက်ရိုက် ရုပ်သံလွှင့် အစီအစဉ်

စာတမ်းဖတ်ပြိုင်ပွဲ ကျင်းပပုံကို တိုက်ရိုက် ရုပ်သံလွှင့် အစီအစဉ် (Live Broadcast) ဖြင့် မြန်မာနှင့်ဂျပန် နှစ်နိုင်ငံ အပါအဝင် နိုင်ငံတကာသို့ ထုတ်လွှင့်ပြသပါမည်။ ၁၈-၇-၂၀၁၀ နေ့တွင် ဂျပန်စံတော်ချိန် ညနေ (၅) နာရီမှ ညနေ (၉) နာရီထိ တိုက်ရိုက် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး မည်သည့်နိုင်ငံမှမဆို Internet မှတဆင့် အောက်ပါ Website ၌ ကြည့်ရှုနိုင်ပါမည်။

http://www.burmacampaign.net/

မြန်မာနိုင်ငံမှလည်း Internet မှတဆင့် အဆိုပါ Website သို့ဝင်ရောက်ကာ ကြည့်ရှုနိုင်သည်ဖြစ်သောကြောင့် မိမိတို့ လက်လှမ်းမီရာ မြန်မာနိုင်ငံမှ အသိုင်းအဝိုင်းများထံ ထပ်ဆင့် အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (ဂျေအေစီ)
(JAC - Joint Action Committee- Japan)